## တောင်းခံပန်ကြားခြင်း



### အသားများအား မသယ်ဆောင်ရပါ။

- ဂျပန်နိုင်ငံမှ စစ်ဆေးပြီးကြောင်း သက်သေခံ အထောက်အထား စာရွက် မပါသော အသား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်း၊ အသားစားနယ် အစရှိသော (တိရစ္ဆာန်) အသားဖြင့် ပြုလုပ်ထားသော အစားအသောက်များအား ဂျပန်ပြည်သို့ သယ်ဆောင်ခွင့် မရှိပါ။ (ပင်လယ်စာနှင့် ရေထွက် ပစ္စည်းများ သယ်ဆောင်နိုင်ပါသည်။)
- မိသားစု၊ မိတ်ဆွေများကို နိုင်ငံခြားမှ ပါဆယ်၊ စာအိတ်များဖြင့် အထက်ပါ (တိရစ္ဆာန်) အသားဖြင့်ပြုလုပ်ထားသော အစားအသောက်များအား ဂျပန်ပြည်သို့ မပို့ရန် ပြောကြား စေလိုပါသည်။
- ဂျပန်နိုင်ငံမှ စစ်ဆေးမှု မပြုလုပ်ထားသော အထက်ပါ (တိရစ္ဆာန်) အသားဖြင့်ပြုလုပ်ထားသော အစားအသောက်များအား ပါဆယ်၊ စာအိတ်များဖြင့် လက်ခံရရှိခဲ့ပါက နီးစပ်ရာ တိရိစ္ဆာန် အစားအသောက် စစ်ဆေးရာဌာန သို့ အမြန်ဆုံး ဆက်သွယ် အကြောင်းကြားစေလိုပါသည်။

※ တရားမဝင် တင်သွင်းလာပါက ဒဏ်ငွေ ပေးဆောင်ခြင်း ခံရတတ်ပါသည်။

### ပိုးသတ်ပါမည် !

- နိုင်ငံခြားတွင် အသုံးပြုပြီးသော မသန့်ရှင်းသည့် အလုပ်ဝတ်စုံ၊ အလုပ်ဖိနပ်၊ ဖိနပ်ရှည်များကို သယ်ဆောင်မလာရပါ။
- နိုင်ငံခြားတွင် မွေးမြူရေးခြံ သို့သွားခဲ့သူများ၊ ဂျပန်ပြည်တွင်း မွေးမြူရေး ခြံသို့ သွားရန် အစီအစဉ်ရှိသူများ လေဆိပ်ပြည်ဝင်ခွင့် ပြီးသွားသောအခါ ပစ္စည်းရွေးနေရာရှိ 「အစားအသောက် စစ်ဆေးရာ ကောင်တာ」 သို့ သွားရောက်စေလိုပါသည်။

### နိုင်ငံခြားတွင် မွေးမြူရေးခြံသို့ အဝင်အထွက် မလုပ်ရန်



- ဂျပန်သို့ မလာမီ ၁ ပါတ်အတွင်း မွေးမြူရေးခြံရှိ တိရစ္ဆာန်များကို မကိုင်တွယ်ပါရန်
- ဂျပန်သို့ ရောက်ပြီး ၁ ပါတ်အတွင်း မွေးမြူရေးခြံရှိ တိရစ္ဆာန်များကို မကိုင်တွယ်ပါရန်

တိရိစ္ဆာန်
အစားအသောက်
စစ်ဆေးရာဌာန